ရှမ်းကွင်းကျေးရွာ

ပုသိမ်မြို့နယ်

ကျေးရွာပံ့ဖြိုးရေးအစီအစဉ်

(၂၀၁၅-၂၀၂၀)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှမ်းကွင်းကျေးရွာ၊ ပုသိမ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ် လ

- ကျမ်းကွင်းကျောင်းအား ဝင်ရောက်နိုင်ပုံ ဖော်ပြခြင်း

သမီးတော်ကြီးမြေပုံ ပုံဖြင့်ဖော်ပြခြင်း





မာတိကာ

စကားချီး

ကျေးရွာသယံဇာတပြဓေပုံ၊ ပုသိမ်မြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝရင်းမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(ဂ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမှီမှု-လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်ကာလ

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာ အစီအစဉ်

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဆက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ

ဇယား၁ - လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား၂ - လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား၃ - လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား၄ - ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား၅ - ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား၆ - ဥစ္စာဓနအဆင့်အခြေအနေ

ဇယား၇ - ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား၈ - ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား၉ - ကျေးရွာ၏ ထိခိုက်သက်ရောက်မှုလွယ်သော အခြေအနေ

ဇယား၁၀ - ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား၁၁ - ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား၁၂ - ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား၁၃ - ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား၁၄ - ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

ဇယား၁၅ - အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား၁၆ - ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား၁၇ - သီးနှံထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား၁၈ - သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းအရင်း

ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက် လက်လှမ်းမီသူ အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ် အဆင့်စာတက်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲများနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား

ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁ ကျေးရွာ၏ တံတား တည်ရှိမှု အခြေအနေ

ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား ၄၆ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း

စကားရှိုး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ခုနှစ်အထိ(၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများအပါအဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်သည်။ ကနဦးအနေဖြင့် စီမခံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်ခံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်မံဖြည့်ပေးခြင်း ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်များတွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၌ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရှမ်းကွင်းကျေးရွာ
ပုသိမ်မြို့နယ်

ပထဝီအနေအထားနှင့် သဘာဝသယံဇာတ အရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် ဝေနမြစ်၏ အနောက်ဘက်ကမ်းရှိ ကျောက်ချောင်းကြီးချောင်း၏ ကမ်းနားဘေးတွင် တည်ရှိသည်။

ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသဖြစ်ပြီး အဓိက သက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်သည်။ ပုသိမ်မြို့နှင့် ရေလမ်း ၁၃မိုင်ခန့် ရှည်လျားပြီး ကုန်းလမ်းအနေဖြင့် (၁၀)မိုင်ခန့်ကွာဝေးသည်။ ကုန်လမ်းသည် မြေသားလမ်းဖြစ်သည့်အတွက် နွေရာသီ(ပွင့်လင်း)ရာသီတွင်သာ သွားလာနိုင်သည်။ လယ်မြေများတွင် အဓိက စပါးစိုက်ပျိုးရန် အားထားရာ ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်လက မြစ်ရေ အလွန်ကြီးမှုကြောင့် ရေကြီးရေလွှမ်းမိုးမှု ခံရကာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ခံခဲ့ရသည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေဧက (၄၉၉.၁)ဧကရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ လယ်မြေများသည် ချောင်းရေမှ ရေတင်စနစ်ကိုသာ အဓိကထား စိုက်ပျိုးကြရသည်။ ဥယျာဉ်ခြံမြေ (၆၇.၂)ဧကဖြစ်ပြီး နှစ်ရှည်ပင် ဝါး၊သရက်၊ပိန္နဲပင်များကို စိုက်ပျိုးကြသည်။

(၂) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း (၂၃၉)စုနှင့် ကျား (၅၀၃) ၊ မ (၄၉၉)ဦး၊ စုစုပေါင်း (၁၀၀၂) ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၁၉)ဦးနှုန်းရှိသည်။ကျေးရွာတွင် ဗုဒ္ဓဘာသာ၊ ဗမာလူမျိုးများ အများဆုံးနေထိုင်ပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၆၅.၃၆% ရှိသဖြင့် လူသား အရင်းအမြစ်ကောင်းတရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံးဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲ၊ချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး ၈၄.၅၁% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု အဆင့်အဖြစ်ခံယူပြီး ၅.၀၁သည် ချမ်းသာအဆင့် ၁၀.၄၆% သည် အလယ်အလတ်အဆင့် ရှိကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုလက်လှမ်းမှီမှု၊လယ်ယာသုံး

စက်ကရိယာပိုင်ဆိုင်မှုမှာ အားနည်းသည်ဟု ပြောနိုင်သည်။ ဆန်ကြိတ်စက် ၊ စက်လှေလုပ်ငန်းကို လုပ်ကိုင်နေသော အိမ်ထောင်စုမှာ အသင့်အတင့် ပြေလည်ကြသည်။ ကျေးရွာတွင် အဓိကအားဖြင့် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း နှစ်စဉ်ရေလွှမ်းမိုးမှုကြောင့် တစ်နှစ်လျှင် စပါးတစ်သီးသာ စိုက်ပျိုးနိုင်သည်။ သီးထပ်စိုက်ပျိုးမှုမှာ အလွန်နည်းပါးသည်။

ကျေးရွာတွင် ဆင်းရဲအဆင့်သည် အများသုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများ ၊ ဆောက်လုပ်ရေး ၊ လုပ်သားများ ၊ မြေမဲ့ယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။ ကျေးရွာတွင် မြေမဲ့ယာမဲ့ အရေအတွက် မြင့်မားပြီး ဆင်းရဲ ၊ အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

(ဂ) <u>ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု</u>

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း ၊ ဆောက်လုပ်ရေးလုပ်ငန်း ၊ လက်လီ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်း၊ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်း ၊ အခြားဒေသများသို့ သွားရောက်ကာ ကုမ္ပဏီ(ဝန်ထမ်း)များ လုပ်ကိုင်၍ အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော ၃အုပ်စုကို လေ့လာဆန်းစစ်မှုအရ( )% မှာ သူတပါးထံချေးငှားပြီးမှ နပ်မှန်စားသောက်နေရကြောင်း၊ ၂၄.၂၆% မှာ သူတပါးထံမချေးငှားဘဲ သုံးလခန့် စားသောက်နိုင်ကြောင်း၊ ၄၀% မှာ ၃လမှ၅လခန့်၊ ၂၀% မှာ ၆လမှတစ်နှစ်ခန့် သူတပါးထံမှချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။ အကြွေးတင်မှုတွင် တွေ့ဆုံခဲ့ အိမ်ထောင်စုအားလုံးသည် ပျမ်းမျှ အကြွေးငွေ ၂သိန်းမှ ၁သိန်းကျပ်အထိ တင်ရှိနေကြသည်။

(ဃ) <u>ကျန်းမာရေးနှင့် အာဟာရ</u>

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်း၌ ရရှိနိုင်ကြသည်။ စိုးရိမ်ရသော ဆေးဝါးကုသမှု ခံယူရမည့်သူများကို ပုသိမ်မြို့ရှိ တိုင်းပြည်သူ့ဆေးရုံနှင့် ၁၃မိုင်ခန့်ကွာဝေးသည်။ ကုန်းလမ်းခရီးမှာ မကောင်းသဖြင့် ရေလမ်းကိုသာ အသုံးပြုနေရပါသည်။

(င) <u>ပညာရေးနှင့် ကျွမ်းကျင်မှုများ</u>

ကျေးရွာတွင်ပညာရေးအဆင့်အတန်းသည် နိမ့်ကျကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစု သည် အခြေခံပညာမူလတန်းအဆင့်လောက်သာ သင်ယူရသည်။ ကျေးရွာတွင် မူလတန်း ကျောင်းသာရှိပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်ကို နှစ်မိုင်ခန့်ဝေးသော အ.ထ.က (ခွဲ) ရှောပြာတွင်သွားရောက် ပညာ

သင်ကြရသည်။ ရှောပြာမှရှမ်းကွင်းသို့ သွားသောရွာချင်းဆက်လမ်းမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင်သွားလာရန် ခက်ခဲပါသည်။ ကျေးရွာအသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ် လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသည်။

(စ) <u>ကျား - မ ရေးရာကိစ္စဆိုင်ရာ</u>

ကျေးရွာတွင် ကျား - မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား - မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် အမျိုးသား ၊ အမျိုးသမီးများသည် ပညာရေးနှင့် အခြားနယ်ပယ်တွင် ခွဲခြားဆက်ဆံမှုမတွေ့ရပါ။

၃။ <u>ကလ္လာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ</u>

(က) <u>ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု</u>

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၄) ဖွဲ့၊ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွားရေးဆိုင်ရာ (၂)ဖွဲ့တို့ရှိသည်။

လူမှုကူညီရေးအသင်းမှာ နာရေးကိစ္စအပြင် အခြားလူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာ လုပ်ကိုင်နေသည်ကို တွေ့ရှိရသည်။ မြန်မာ့အသေးစားငွေကြေးအဖွဲ့ကို ပြင်ပမှဖွဲ့စည်းပေးထားပြီး အသေးစားငွေစုငွေချေးလုပ်ငန်းကို လည်ပတ်စွာ ဆောင်ရွက်လျက် ရှိကြသည်။

ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့ နှင့်တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပက်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက်ကောင်းမွန် လာနိုင်ပါသည်။

(ခ) <u>လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကလ္လာ</u>

ကျေးရွာတွင် ရွာတွင်းလမ်း (၁.၂) မိုင်ခန့်နှင့် ရွာချင်းဆက်လမ်း (၂.၅) မိုင်တို့ ရှိကြပါသည်။ တံတားပေါင်း (၆)စင်း ရှိပါသည်။ ထိုလမ်းများသည် မြေသားလမ်းများဖြစ်ခြင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဖောက်လုပ်ခြင်းဖြစ်ပါသည်။ ရာသီဥတုအခြေအနေအရ မိုးတွင်းအခါတွင် တောင်ကျရေစီးခြင်း၊ မြစ်ရေလျှံခြင်းတို့ကြောင့် လမ်းများကျိုးပဲ့ပျက်စီးခြင်းကို နှစ်စဉ်ကြုံတွေ့ရသောကြောင့် မိုးတွင်းအခါတွင် သွားလာရခက်ခဲကြပါသည်။ ထိုလမ်းဖြင့်ကျေးရွာမှကျောင်းသားများသည် အ.ထ.ခ (ခွဲ) ရှောပြာသို့ နေ့စဉ်သွားရောက်ပညာသင်ယူရသောလမ်း၊ ကျေးရွာမှခေါင်းရွက်ဗျက်ထိုးစျေးသည်များ အနီးဆုံးစျေးရှောပြာသို့ သွားရောက်

ရောင်းချရသောလမ်းဖြစ်ပါသည်။ ထို့ကြောင့်လမ်းများအားနိုင်ငံတော်က ငွေအလုံးအရင်းဖြင့် ပံ့ပိုးမည်ဆိုပါက ထိုလမ်းများသည် ခိုင်မာတောင့်တင်းကာ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်မည်ဖြစ်ပါသည်။

(ဂ) <u>သီးနှံ၊ သားငါးထုတ်လုပ်မှုကဏ္ဍ</u>

ကျေးရွာတွင်စပါးကိုအဓိကထားစိုက်ပျိုးကြသည်။ ပျမ်းမျှအထွက်နှုန်းမှာ တင်း၆၀ရှိသည်။ ချောင်းရေကိုအားထား၍ စိုက်ပျိုးကြသည်။

ကျေးရွာသည် မြေနိမ့်အရပ်တွင် တည်ရှိသောကြောင့် နှစ်စဉ်တောင်ရက္ခခြင်း၊ မြစ်ရေလျှံခြင်း ဖြစ်ပေါ်သည့်အတွက် တောင်သူများသည် အစောဆုံး အောက်တိုဘာ၊ နိုဝင်ဘာလများမှသာ စတင် စိုက်ပျိုးသည့်အတွက် တစ်နှစ်လျှင်တစ်သီးသာ စိုက်ပျိုးနေကြောင်း လေ့လာတွေ့ရှိရသည်။ သီးထပ် စိုက်ပျိုးမှုမှာလည်း အလွန်နည်းပါးသည်။

စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုပေးပါသည်။ တောင်သူများသည်ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရှိရပြီး ဖျက်ပိုးများသည် ပိုးသတ်ဆေးတချို့ကိုခံနိုင်ရည်ရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သော ဖျက်ပိုးသတ်နည်းစနစ်များကို လိုလားကြသည်။ တောင်သူများသည် သမရိုးကျ စပါးများကိုသာ စိုက်ပျိုးနေကြသည့်အတွက် နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်မည်ဆိုလျှင် စပါးအထွက်တိုးမည်ကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်အရေအတွက်မှာ တစ်ရွာလုံး၏ (၂၀)% ဝန်းကျင်သာရှိပြီး ဒေသမှဝက်များကိုသာ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ တစ်ရွာလုံး၏ (၄၀)% ခန့် ရှိပြီးဈေးကွက်တွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး ရောဂါကြောင့်သေဆုံးပျက်စီးမှုများ ရှိတတ်သည်။ ထို့ကြောင့် နည်းပညာ ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်လျှင် ဆင်းရဲသားအိမ်ထောင်စုများအတွက် ဝင်ငွေတိုးလာမည် ဖြစ်သည်။ မွေးမြူရေးပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေး လုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို ကာလရှည်ဖြင့် ငွေချေးမည်ဆိုပါက မွေးမြူရေးလုပ်ငန်း တိုးတက်လာမည်။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်း မရှိသေးပါ။

(ဃ) <u>စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ</u>

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ အဆင့်နိမ့်ကုမ္ပဏီဝန်ထမ်းများ ၊ ဈေးရောင်း၊ ခေါင်းရွက်၊ ဗျပ်ထိုး လုပ်ငန်းများ ဖြစ်ကြသည်။ အခြား လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးသည်။ လက်လုပ် လက်စားအလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်

ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေ ကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေ၆၅.၃၆% ရှိပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများ ရှိကြသည်။ အပ်ချုပ် ၊ ဇာထိုးပန်းထိုး ၊ ဆံပင်အလှပြင် ၊ မုန့်လုပ်နည်း ။ မော်တော်ဆိုင်ကယ်ပြင် ၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ ဝပ်လျှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းလည်း နိမ့်ကျ ပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်း ထူထောင်ရန်လည်း မတတ်နိုင်ကြပေ။

(ဃ) <u>သဘာဝပတ်ဝန်းကျင်နှင့် သံယံဇာတ စီမံခန့်ခွဲမှု</u>

ကျေးရွာတွင် အဓိကစပါးစိုက်ပျိုးလျက်ရှိပြီး ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတု မြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးအစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၂၀၁၆ခုနှစ် ဩဂုတ်လာလောက်တွင် တောင်ကျရေ စီးဆင်းခြင်း၊ မြစ်ရေများလျှံခြင်းတို့ကြောင့် ကျေးရွာတွင် ရေအဆမတန်ကြီးကာ တာလမ်းများ၊ လူနေအိမ်များ နစ်မြုပ်ခဲ့ပါသည်။ တိုင်းအဆင့်၊ မြို့နယ်အဆင့်၊ လွှတ်တော်အဆင့်မှ ပုဂ္ဂိုလ်များနှင့် အလှူရှင်များလာရောက် လှူဒါန်းကြသောကြောင့် ကျေးရွာတွင် ဝမ်းစာဖူလုံမှုများ အထောက်အပံ့ရရှိခဲ့ပါသည်။

(စ) <u>ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု</u>

ကျေးရွာမှတောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကို အတိုးနှုန်း ( )%ဖြင့် တစ်ဇက ကျပ်တစ်သိန်းနှုန်းဖြင့် အများဆုံး (၁၀)ဇက အတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် ပြင်ပမှလာရောက်ဖွဲ့စည်းပေးထားသော မွေးမြူရေးသ/မနှင့် စိုက်ပျိုးရေးသ/မ ဟူ၍ နှစ်ဖွဲ့ရှိသည်။ မွေးမြူရေးသ/မသည် အဖွဲ့ဝင်( )၊ အတိုးနှုန်း( )%ဖြင့် ၆လ ချေးယူကြသည်။ တချို့အိမ်ထောင်စုများမှာ ရွာထဲမှငွေတိုးချေးစားသူများထံမှ အတိုးနှုန်း ၁၅ကျပ်၊ ၂၀ကျပ်နှုန်းတို့ဖြင့် ချေးယူနိုင်ကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း

တွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ နှစ်သိန်းမှငါးသိန်းထိ ချေးယူထားကြောင်း တွေ့ရှိရသည်။

(စ) <u>ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး</u>

ကျေးရွာတွင် မူလတန်းကျောင်းဆောင်ကို ၉၀ပေ၊ ၃၀ပေ၊ ၁၂ပေအရွယ် သွပ်မိုး အုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ကျောင်းသားဦးရေ (၁၂၁)ဦး သင်ကြားလျက်ရှိပြီး မူလတန်းပြဆရာမ (၆)ဦးရှိသည်။ ကျောင်းသုံးပရိဘောဂ လုံလောက်မှုရှိကြသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီတွင် မူလတန်းကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်များ၊ ပြဌာန်းစာအုပ်များ၊ လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

သောက်ရေကိုရေတွင်းမှတဆင့်ရေစုပ်စက်ဖြင့် သွယ်ယူထားပါသည်။ကျေးရွာမှအလယ်တန်းဆင့်၊ အထက်တန်းဆင့် ပညာသင်နေကြသော ကျောင်းသူ ကျောင်းသားများသည် ရွာမှ (၂)မိုင်ခန့်ဝေးသော အ.ထ.က (ခွဲ) ရှောပြာသို့ သွားရောက်ပညာသင်ကြားနေရပါသည်။ အ.ထ.က(ခွဲ) ကျောင်းသို့သွားသော ရွာချင်းဆက်လမ်းမှာလည်း မြေသားဖြတ်လမ်းဖြစ်သဖြင့် တောင်ကျရေစီးဆင်းခြင်း၊ မြစ်ရေလျှံခြင်း တို့ကြောင့်မိုးတွင်းအခါတွင်သွားလာရန် ခက်ခဲကြပါသည်။ ကျေးရွာတွင် မူလွန်ကျောင်းများ၊ အလယ်တန်းကျောင်းများရှိလျှင် ကျောင်းသားများအတွက် ပညာသင်ကြားရေးတွင် ကောင်းမွန်မည်ဖြစ်ပါသည်။

ကျေးရွာတွင်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ ဝန်ထမ်းဦးရေ (၅)ဦး ရှိပြီး အခြေခံကျန်းမာရေး စောင့်ရှောက်မှုများ ရှိကြပါသည်။

သောက်ရေအတွက် တစ်ရွာလုံးရေတွင်းမှ ရေရရှိသည်။ သုံးရေအတွက် ချောင်းရေကိုသာ အများဆုံး အသုံးပြုကြသည်။ အိမ်သာကျင်းကို အုတ်များ၊ ဝါးရိုင်းပတ်များ၊ အိမ်သာကျင်းခွေများဖြင့် ယင်လုံအိမ်သာကို တစ်ရွာလုံးနီးပါး ဆောက်လုပ်သုံးစွဲကြသည်။

စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသား ကျောင်းသူများ အသုံးပြုရန် လွယ်ကူပါသည်။

(ဇ) <u>လူငယ်နှင့်ယဉ်ကျေးမှု</u>

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့် မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ၊ နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့် ဖော်ဆောင်ခြင်းမရှိသေးပေ။

(ဈ) အခြေခံအဆောက်အဦး၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာအတွင်းလမ်း (၁.၂)မိုင်ခန့်နှင့် တံတား(၆)စင်းရှိပါသည်။ လမ်းများသည်မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းအခါတွင်တောင်ကျရေစီးဆင်းခြင်း၊ မြစ်ရေလျှံခြင်းတို့ကြောင့် မိုးတွင်းအခါလမ်းများပျက်စီးခဲ့ရပါသည်။ ကျေးရွာပြည်သူလူထုလုပ်အားဖြင့် နှစ်စဉ်ပြုပြင်ပါသော်လည်း ငွေကြေးချို့တဲခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်းတို့ကြောင့် မိုးတွင်းအခါပျက်စီးနေ၍ သွားလာ၍မရပါ။ နိုင်ငံတော်မှငွေအလုံးအရင်းနှင့် ပြုပြင်ပံ့ပိုးမည်ဆိုပါက နွေ၊ မိုး၊ ဆောင်း ရာသီမရွေး သွားလာနိုင်မည် ဖြစ်ပါသည်။

ကျေးရွာလျှပ်စစ်မီးကို ပုဂ္ဂလိကအင်ဂျင်မီးဖြင့် တစ်ရွာလုံးနီးပါး သုံးစွဲနေရပါသည်။ ထိုမီးသည် ည(၆)နာရီမှ ည(၁၀)နာရီအထိသာ ပေးဝေသောကြောင့် ကျောင်းသားများ၊ အလုပ်သမားများမှာ အခက်အခဲရှိနေပါသည်။ ထို့ကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက အကူအညီပေးမည်ဆိုပါက လျှပ်စစ်မီးကိုအချိန်မရွေး သုံးစွဲနိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင်မိုဘိုင်းဖုန်း၊ ဆက်သွယ်ရေးနှင့် အင်တာနက်အသုံးပြုမှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက်အဦးမရှိသေးပါ။

ရှမ်းကွင်းကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ဖော်ပြထားသောရည်ညွှန်းဘက်ချက်ပမာဏတွင် ကျေးရွာလူထု ငွေသားမဟုတ်သော ထည့်ဝင်ပစ္စည်းများကိုထည့်သွင်းဖော်ပြထားခြင်း (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာ - လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကရိယာ၊အချိန် စသည်။

စီမံချက်ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	ကျေးရွာတွင်လမ်းများကွန်ကရစ်ခင်းရန်အလျားဒဿမလုံခန့် အနံ၉ပေ					
၂	ရှမ်းကွင်း + အုန်းတော + ရှောပြာသို့ရွာချင်းဆက်လမ်းအားကျောက်ခြောလမ်းခင်းရန် အရှည်၁မိုင် ၃ဖာလုံ					
၃	ကျေးရွာတွင်အလယ်တန်းအဆင့်မြင့်တင်ပေးရန်နှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်။					
၄	ဆိုလာမီးရရှိရေးချိန်ဆက်ဆောင်ရွက်ရေး					
၅	သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ရေး					
၆	ရှမ်းကွင်း + ရှောပြာခြောင်းကူးတံတားတည်ဆောက်ရေး					
၇	ကျေးရွာတွင်တံတားအားကွန်ကရစ်တံတားတည်ဆောက်ရန် အလျား ၇၂ပေ × အနံ၁၀ပေ					

ရှမ်းကွင်းကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းအကောင်အထည်ဖော်မည့်ကာလ

ကျေးရွာရှိပြည်သူလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ စီမံကိန်း အပိုင်းအခြားကာလများကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

လက်ပန်အုပ်စု ထိန်တန်းကျေးရွာ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းရန်အလျား၆ဖာလုံ အနံ၉ပေ	၁	A	A			
၂	ရှမ်းကွင်း + အုန်းတော + ရှောပြာ သို့ရွာချင်းဆက်လမ်းအားကျောက် ချလမ်းခင်းရန် အရှည်၁မိုင် ၃ဖာလုံ	၂	A	A	A	A	A
၃	ကျေးရွာတွင်အလယ်တန်းအဆင့် မြင့်တင်ပေးရန်နှင့် ကျောင်းဆောင် သစ်ဆောက်လုပ်ရန်။	၃	A	A	A		
၄	ဆိုလာမီးရရှိရေးချိန်ဆက် ဆောင်ရွက်ရေး	၄	A	A			
၅	သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ရေး	၅	A	A			
၆	ရှမ်းကွင်း + ရှောပြာချောင်းကူး တံတားတည်ဆောက်ရေး	၆	A	A			
၇	ကျေးရွာတွင်တံတားအား ကွန်ကရစ်တံတား တည်ဆောက်ရန် အလျား ၇၂ပေ × အနံ၁၀ပေ	၇	A	A			

ရှမ်းကွင်းကျေးရွာ၊ ရှမ်းကွင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသက်ဦး	ဦးမြလေး	၁၄/ပသန(နိုင်)၁၇၂၇၃၃	၅၁	ဥက္ကဋ္ဌ	၀၉-၉၆၈၃၃၄၆၇၄
၂	ဦးသန်းနိုင်	ဦးအောင်သိန်း	၁၄/ပသန(နိုင်)၂၂၆၅၉၅၅	၄၁	အတွင်းရေးမှူး	၀၉-၇၇၀၆၀၅၁၁၃
၃	ဦးကျော်ဌေးဦး	ဦးကျော်သင်း	၁၄/ပသန(နိုင်)၁၇၂၅၅၁	၃၅	ဘဏ္ဍာရေးမှူး	၀၉-၄၅၁၁၅၁၆၉၀
၄	ဒေါ်သန်းဌေး	ဦးလှထွေး	၁၄/ပသန(နိုင်)၁၇၈၉၈၄	၄၇	သော့ကိုင်(၁)	၀၉-၇၈၆၃၂၈၈၅၉
၅	ဒေါ်စန်းစန်းမော်	ဦးလှမြင့်	၁၄/ပသန(နိုင်)၂၀၄၈၈၉	၃၇	သော့ကိုင်(၂)	၀၉-၇၈၂၁၉၂၅၄၅
၆	ဦးသိန်းစိုး	ဦးအုန်းမောင်	၁၄/ပသန(နိုင်)၀၂၄၇၂၂	၄၉	အဖွဲ့ဝင်	၀၉-၉၆၃၅၄၅၃၈၀
၇	ဦးကျော်မင်းဦး	ဦးတင်ထွန်း	၁၄/ပသန(နိုင်)၂၀၄၈၇၉	၃၈	အဖွဲ့ဝင်	၀၉-၂၅၂၉၀၀၂၂၃
၈	ဦးမြင့်စိန်	ဦးတင်စိန်	၁၄/ပသန(နိုင်)၀၀၄၀၅၈	၄၇	အဖွဲ့ဝင်	၀၉-၇၈၉၈၀၆၆၁၈
၉	ဦးခင်မောင်ဝင်း	ဦးကျင်ဝင်း	၁၄/ပသန(နိုင်)၁၂၀၂၂၂	၄၇	အဖွဲ့ဝင်	၀၉-၇၈၃၈၁၅၅၆၁
၁၀	ဒေါ်နွယ်နီဝင်း	ဦးကျင်ဝင်း	၁၄/ပသန(နိုင်)၂၅၀၇၂၉	၂၉	အဖွဲ့ဝင်	၀၉-၄၄၈၂၆၃၂၆
၁၁	ဒေါ်မဌေး	ဦးစိုးမြင့်	၁၄/ပသန(နိုင်)၂၆၇၇၅၄	၃၈	အဖွဲ့ဝင်	၀၉-၇၉၂၉၇၄၀၂၂
၁၂	ဒေါ်အေးမြတ်မွန်	ဦးသာမောင်	၁၄/ပသန(နိုင်)၂၆၇၅၅၇	၂၅	အဖွဲ့ဝင်	၀၉-၇၈၂၇၇၈၁၄၁
၁၃	ဒေါ်တင်နီလာထွန်း	ဦးခင်မောင်ဌေး	၁၄/ပသန(နိုင်)၂၀၁၇၁၉	၂၆	အဖွဲ့ဝင်	၀၉-၇၉၁၉၁၅၈၄၁

ပြည်နယ်/တိုင်း - ဧရာဝတီတိုင်းဒေသကြီး ရက်စွဲ -
မြို့နယ် - ပုသိမ်မြို့နယ်
ကျေးရွာအုပ်စု - ရှမ်းကွင်းကျေးရွာအုပ်စု
ကျေးရွာ - ရှမ်းကွင်းကျေးရွာ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၁၁	၁၆	၂၇	
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၃၅	၃၂	၆၇	
၅ နှစ်မှ ၉နှစ်	မူလတန်းကျောင်းသားအရွယ်	၄၂	၄၅	၈၇	
၁၀ နှစ်မှ ၁၄နှစ်	အလယ်တန်းကျောင်းသား အရွယ်	၆၁	၃၅	၉၆	
၁၅ နှစ်မှ ၆၀ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၇	၃၂၈	၆၅၅	
၆၀ နှစ်နှင့်အထက်	သက်ကြီးရွယ်ကြီး	၂၇	၄၃	၇၀	
စုစုပေါင်း		၅၀၃	၄၉၉	၁၀၀၂	
စုစုပေါင်း အိမ်ထောင်စု - ၂၁၂		တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄.၁၉			

ရင်းမြစ် ... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရှမ်းကွင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၃၉ စု ရှိပြီးလူဦးရေပေါင်း ၁၀၀၂ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေများပြားသဖြင့် တိုးတက်နိုင်သော လူသားအရင်းအမြစ် အခွင့်အလမ်းကောင်းဖြစ်ပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သား အင်အားနှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်ဦးရေ		
၁	စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)					
	ကိုယ်ပိုင် လုပ်ငန်း	၅၇			မွေးမြူရေး	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၂	တိရစ္ဆာန် မွေးမြူရေး	တစ်နိုင်တစ်ပိုင် မွေးမြူသည်။				
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်ဦးရေ		
	ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၃	ငါးဖမ်း လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၅	ထုတ်ကုန်လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၆	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၇	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၈	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်ဦးရေ		
၁၀	လက်လီ-လက်ကား ရောင်းဝယ်ရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၁၁	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၁၂	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၁၃	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၁၄	အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၁၅	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၁၆	ပညာရေး					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	မိသားစုဝင် လုပ်အား					
၁၇	ကျန်းမာရေး					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်ဦးရေ		
	ကိုယ်ပိုင် လုပ်ငန်း:					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား:					
	မိသားစုဝင် လုပ်အား:					
၁၈	လူမှုရေး လုပ်ငန်းများ:					
	ကိုယ်ပိုင် လုပ်ငန်း:					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား:					
	မိသားစုဝင် လုပ်အား:					
၁၉	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ:					
	ကိုယ်ပိုင် လုပ်ငန်း:					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား:					
	မိသားစုဝင် လုပ်အား:					
၂၀	ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)					
	ကိုယ်ပိုင် လုပ်ငန်း:					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား:					
	မိသားစုဝင် လုပ်အား:					
	စုစုပေါင်း:					

ရင်းမြစ် ... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ရှမ်းကွင်းကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိထားလုပ်ကိုင်ပြီး မွေးမြူရေး (တနိုင်တပိုင်) ကိုတွဲဖက်လုပ်ကိုင်သည်။ လယ်သမား (၅၇)အိမ်ထောင်ရှိပြီး ကျန်အိမ်ထောင်စုမှာ ကျပန်အလုပ်သမားများဖြစ်သည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခ နှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခ နှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း:	နေ့စား	၄၀၀၀	၃၅၀၀	၃၅၀၀	၃၀၀၀	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ရေငန်	နေ့စား					

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း						
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀		၆၀၀၀	၄၀၀၀	
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည့်)	နေ့စား					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမားအုပ်စု။

မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ----------

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက)
လယ်မြေ	၄၉၉၁	သင့်		မြစ်ချောင်းများမှရရှိသည်။
ယာမြေ /တောင်ယာ				
ဥယျာဉ်ခြံမြေ	၆၇၂			
အိမ်ခြံဝင်း စိုက်ခင်း				
နှစ်ရှည်သီးနှံစိုက်ခင်း				
ရွှေပြောင်းတောင်ယာမြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
အခြား				
စုစုပေါင်း				

ရင်းမြစ် ... (၁) အိမ်ထောင်စု စာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။လယ်မြေဧက ၄၉၉၁ ဧကရှိပြီး ချောင်းရေကို အားထား၍ စိုက်ပျိုးရသည်။ ဥယျာဉ်ခြံမြေ ၆၇၂ ဧကရှိသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)		
အခြား ရင်းမြစ်များ		
အခြားသဘာဝရင်းမြစ်		
တိရစ္ဆာန်မျိုးစိတ်များ		
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မရှိ။

(၁.၄) ဥစ္စာဓန အဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓန အဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃၂	၁၃	၁၄	၁၈၀
အိမ်အခြေအနေ	ပျဉ်ထောင် ၊သွပ်မိုး	ပျဉ်ထောင်၊ သွပ်မိုး	ထရံကာ၊ ဓနိမိုး	ထရံကာ၊ ဓနိမိုး
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု				
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	လယ်	စက်လှေ၊ကျပန်း	ကျပန်း	ကျပန်း
အခြားပိုင်ဆိုင်မှု				
အိမ်ထောင်စု -	(၂)	(၂)	(၂)	(၂)

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ လက်လုပ်လက်စားနှင့် စိုက်မွေးမဟုတ်သော ဝင်ငွေရ လုပ်ငန်း များ လုပ်ကိုင်သူအုပ်စု။

လေ့လာတွေ့ရှိချက်။ ။----------

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာ ဖူလုံမှု

